# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

May 24 , 2023 Volume 66, Number 16

၂၄.၅.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၇၉ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၈၉၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၆၀.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၈.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၉၉.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၉.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၇.၉၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၉၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၉.၂၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၇.၃၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၇၈၁ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## စိန်တစ်လုံးသရက်သီး အရောင်းအဝယ်လိုက် ဈေးကောင်းရနေဟုဆို



https://t.me/sdtimedaily

ပြည်တွင်း၌ စိန်တစ်လုံးသရက်သီး အရောင်းအဝယ်ကောင်းနေပြီး ဈေးကောင်းရနေကြောင်း သစ်သီးဝလံရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်သူများထံမှသိရသည်။

ပုပ္ပါးဒေသထွက် စိန်တစ်လုံးသရက်သီး အကြီးတစ်လုံးလျှင် ၈၅၀ ကျပ်ထိ ပေါက်ဈေးရှိပြီး အသေးတစ်လုံးလျှင် ၂၀၀ ကျပ်မှ ၃၀၀ ကျပ်ထိ ပေါက်ဈေးရှိကြောင်း၊ ပြီးခဲ့သည့်နှစ်နှင့်နှိုင်းယှဉ်ပါက ယခုနှစ်တွင် စိန်တစ်လုံး သရက်သီးတစ်လုံးလျှင် ၂၀၀ ကျပ်မှ ၃၀၀ ကျပ်ထိဈေးနှုန်းမြင့်တက်ခဲ့ကြောင်း ရွှေသွန်းအိမ်ပုပ္ပါးဒေသထွက် သစ်သီးဝလံ ရောင်းဝယ်ရေးထံမှသိရသည်။ "အစ်မတို့ ပုပ္ပါးသီး စိန်တစ်လုံးတွေမရှိတော့ဘူး။ ဒီနှစ်ကအသီးနည်းနည်းရှားတာ။ ရောင်းလည်း ရောင်းရတယ်။ ဈေးလည်းကောင်းတယ်" ဟု အဆိုပါ သစ်သီးဝလံရောင်းဝယ်ရေးမှ တာဝန်ရှိသူတစ်ဦးက စံတော်ချိန်ဒစ်ဂျစ်တယ်သို့ ပြောသည်။

လက်ရှိတွင် ပုပ္ပါးဒေသထွက်စိန်တစ်လုံးသရက်သီးများကို လောက်ကိုင်၊ မြစ်ကြီးနား၊ မော်လမြိုင်၊ ရန်ကုန်အပြင် နယ်မြို့များသို့ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။ "မနှစ်ကထက်စာရင်ဈေးကောင်းရတာပေါ့။ အရောင်းအဝယ် ကောင်းတယ်။ အရင်နှစ်ကဆို အိတ်စွပ်မှသုံးရာရတာ။ အခုနှစ်မှာဆို အိတ်စွပ်က ငါးရာအထက်ပဲ။ အဲဒီအောက်ကိုမဆင်းဘူး။ ဆိုဒ်အရွယ်အစားတော့ မူတည်တာပေါ့" ဟု မန္တလေးအခြေစိုက် MCY သီးနှံရောင်းဝယ်ရေးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

လက်ရှိ ဈေးကွက်တွင်စိန်တစ်လုံးသရက်သီး အရွယ်အစားပေါ်မူတည်ပြီး စိန်တစ်လုံး သရက်သီးအကြီးတစ်လုံးလျှင် ၈၀၀ ကျပ်ကျော် ပေါက်ဈေးရှိပြီး၊ စိန်တစ်လုံးသရက်သီး အသေးတစ်လုံးလျှင် အနည်းဆုံး ၂၀၀ ကျပ်ပေါက်ဈေးရှိကြောင်း သစ်သီးဝလံရောင်းဝယ်ရေး လုပ်ကိုင်သူများထံမှသိရသည်။

**Source:** https://t.me/sdtimedaily

## ပြည်ပသို့ ရေထွက်ကုန်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း (၄၀) ကျော်ရရှိထား

၂၀၂၃ -၂၀၂၄ ဘဏ္ဍာနှစ်၏ ဧပြီလ (၁) ရက်မှ မေလ (၁၂) ရက်အထိ ပြည်ပသို့ရေထွက်ကုန်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၉၈ သန်းကျော်ရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဖော်ပြထားသည့် စာရင်းအချက်အလက်များအရ သိရသည်။

ပြီးခဲ့သည့် ဘဏ္ဍာနှစ် အလားတူကာလတွင် ပြည်ပသို့ရေထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆၄ ဒသမ ၀၇ သန်းကျော် ရရှိခဲ့ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံမှ ရေထွက်ကုန်ပစ္စည်းများကို ပုံမှန်ကုန်သွယ်ရေး Normal Trade နှင့် နယ်စပ်ကုန်သွယ်ရေး Border Trade လမ်းကြောင်းတွေကနေတဆင့် ပြည်ပနိုင်ငံတွေကို တင်ပို့နေခြင်းဖြစ်ပြီး လက်ရှိအခြေအနေတွင် ပြည်ပရေထွက်ကုန် တင်ပို့မှုသည် ပုံမှန်အတိုင်း တင်ပို့နေသော်လည်း ကိုဗစ်ကာလ မတိုင်ခင်အခြေအနေကို ပြန်လည်မရောက်ရှိသေးသည့်အတွက် တင်ပို့မှုလျော့ကျနေဆဲဖြစ်ကြောင်း သိရသည်။

မြန်မာ့ရေထွက်ကုန်များကို ပုံမှန်ကုန်သွယ်ရေးအဖြစ် ဂျပန်နှင့်ဥရောပနိုင်ငံများအပါအဝင် တရုတ်၊ ထိုင်းနှင့် အိမ်နီးချင်းနိုင်ငံထံသို့ မူဆယ်၊ မြဝတီ၊ ကော့သောင်း၊ စစ်တွေ၊ မြိတ်၊ မောင်တော နယ်စပ်ကုန်သွယ်ရေးစခန်းတွေကနေလည်း ငါး၊ ပုစွန်၊ ဂဏန်းစသည့် ရေထွက်ကုန်များကို ပုံမှန်တင်ပို့နေခြင်းဖြစ်သည်။

မြန်မာတစ်နိုင်ငံလုံးတွင် ငါးနှင့်ပုစွန်မွေးမြူသည့် ကန်ပေါင်း (၄၈၀,၀၀၀) ရှိသည့်အပြင် အအေးခန်း သိုလှောင်ရုံပေါင်း (၁၂၀) ကျော်ရှိကြောင်း ငါး ၊ ပုစွန်မွေးမြူရေး လုပ်ငန်း လုပ်ကိုင်သူများထံမှ သိရသည်။

ပြည်ပသို့ ငါးတင်ပို့မှုတွင် ငါးသလောက်၊ ကတ်ကတစ်၊ ငါးမြစ်ချင်း၊ ငါးခုံးမ၊ ငါးတန်စသည့် အမျိုးအစား ၂၀ ကျော် တင်ပို့လျက်ရှိကြောင်း သိရသည်။

**Source: Popular News Journal**

## ဒေါ်လာဈေးအပြင် ကမ္ဘာ့ရော်ဘာဈေးပါ အမြင့်ဈေးတွင်ရှိသောကြောင့် ပြည်တွင်းရော်ဘာဈေးတက်


Source: AMIA

လက်ရှိ ဒေါ်လာဈေးအပြင် ကမ္ဘာ့ရော်ဘာဈေးပါ အမြင့်ဈေးတွင်ရှိသောကြောင့် ပြည်တွင်းရော်ဘာဈေးမြင့်တက်နေကြောင်း လုပ်ငန်းရှင်များထံမှသိရသည်။

ပြည်တွင်းရော်ဘာဈေးမှာ နိုင်ငံတကာပေါက်ဈေးပေါ်မူတည်ပြီး ဈေးအတက်အကျဖြစ်ပေါ်ခြင်းဖြစ်ပြီး လက်ရှိနိုင်ငံတကာ ရော်ဘာပေါက်ဈေးမှာ ယခုလက်ရှိ ဒေါ်လာ ၁၆၅၀ မှ ၁၇၀၀ အထိ မြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။ "ရော်ဘာဈေးကွက်ကတော့ ပုံမှန်ပါပဲ၊ အဓိက က ပြည်တွင်း ဒေါ်လာဈေးတက်တော့ ရော်ဘာဈေးတက်တာ။ ကမ္ဘာ့ဈေးကလဲ နည်းနည်းတက်တယ်။ ကမ္ဘာ့ဈေးတက်ရင် ပြည်တွင်းရော်ဘာဈေးပါ လိုက်တက်တာ"ဟု မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း အတွင်းရေးမှူး ဦးခိုင်မြင့်ကပြောသည်။

ပြည်တွင်းရော်ဘာ တစ်ပေါင်လျှင် ၁၃၅၀ ဝန်းကျင်မှ စတင်မြင့်တက်ခဲ့ရာ လက်ရှိ တစ်ပေါင်လျှင် ၁၄၁၀ ကျပ်ပေါက်ဈေးထိ ရှိလာခြင်းဖြစ်သည်။

လက်ရှိ မိုးများဆက်ရွာသွန်းလာပါက ရော်ဘာခြစ်သည့်လုပ်ငန်းများ ရပ်နားဖွယ်ရာရှိပြီး မိုးပျက်လိုက် ရွာလိုက်သာဖြစ်ပေါ်ပါက လုပ်ငန်း များ ဆက်လက်လုပ်ကိုင်နေဦးမည်ဖြစ်ကြောင်းသိရသည်။ "အခု မုန်တိုင်းက ရော်ဘာထုတ်လုပ်တဲ့ဒေသဘက်တွေကို ဝင်ရောက်မှုသိပ်မရှိခဲ့တော့ ရော်ဘာအထွက်နှုန်းကတော့ ကျဆင်းဖို့မရှိပါဘူး။ မိုးဆက်တိုက် ရွာသွန်းလာရင်တော့ ရော်ဘာလုပ်ငန်းတွေနားရမှာပေါ့" အတွင်းရေးမှူး ဦးခိုင်မြင့်ကဆက်လက်ပြောသည်။

လက်ရှိတွင် ရော်ဘာကို နယ်စပ်တင်ပို့မှုထက် ပင်လယ်ရေကြောင်းမှ အဓိကတင်ပို့ နေပြီး တရုတ်နိုင်ငံကို အဓိက တင်ပို့နေရကြောင်း သိရသည်။

ယခုနှစ်တွင် ပြည်ပသို့ တန်ချိန် သုံးသိန်းပတ်ဝန်းကျင်ခန့်ထိ တင်ပို့ရန်လျာထားသော်လည်း ယခင်နှစ်များထက် တင်ပို့မှုလျော့ကျနိုင်ကြောင်း ခန့်မှန်းထားကြောင်း သိရသည်။ ထိုကဲ့သို့ တင်ပို့မှုလျော့ကျနေရခြင်းမှာ တရားမဝင် ရော်ဘာတင်ပို့မှုများပြားလာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

ရော်ဘာ တင်ပို့မှုအပိုင်းတွင် အခက်အခဲများ ဖြစ်ပေါ်နေသည့်အနက် ၃၅ ရာခိုင်နှုန်းနှင့် ၆၅ ရာခိုင်နှုန်းကိစ္စမှာ တင်ပို့မှုများအတွက် ပိုမိုခက်ခဲနေကြောင်း သိရသည်။

လက်ရှိအချိန်အထိ ရော်ဘာတန်ချိန် နှစ်သိန်းခန့်သာ တင်ပို့ထားကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုး ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းမှ သိရသည်။ ပြည်တွင်း၌ တစ်နိုင်ငံလုံး ရော်ဘာစိုက်ဧက တစ်သန်းခြောက်သိန်းနှင့်လေးသောင်း ကျော်ထိရှိကြောင်း သိရသည်။

**Source: AMIA**

https://t.me/htwettoe

## ကြက်သွန်နီဈေးများ အနည်းငယ်ပြန်တက်




ပြည်တွင်း ကြက်သွန်နီများ ပြည်ပကနေ အဝယ်လိုက်လာသည့်အတွက် ဈေးအနည်းငယ်ပြန်တက်လာကြောင်း ကုန်သည်များထံမှ သိရသည်။

လက်ရှိ ပြည်တွင်းဈေးကွက်တွင် ကြက်သွန်နီဈေးသည် တစ်ပိဿာကို ၃၀၀၀ ကျပ်အထိ ဈေးနှုန်းမြင့်တက်လာပြီး တရုတ်ဝယ်လက်ကမူ ကြက်သွန်နီ တစ်ပိဿာ ၂၁၀၀ ကျပ်ရရှိကာ ထိုင်းနိုင်ငံသို့တင်ပို့သည့် ကြက်သွန်ဈေးနှုန်းက တစ်ပိဿာကို ၁၉၀၀ ကျပ် ရရှိကြောင်းသိရသည်။ "ကုန်တွေဝင်တာကတော့ အသင့်အတင့်ပါပဲ။ ဒီနေ့ဆို ကြက်သွန်နီ ကားအစီးရေ ၂၀ ဝင်တယ်။ ဈေးကတော့ အရင်ကထက် နည်းနည်းတက်ပါတယ်။ တရုတ်ဘက်၊ ထိုင်းဘက်၊ ဗီယက်နမ်ကို အပို့များကြတယ်။ ဗီယက်နမ်ကတော့ ပိုများတယ်။ လှောင်သမားတွေကလည်း အဝယ်လိုက်လာတယ်" ဟု ဘုရင့်နောင်ကုန်စည်ဒိုင်မှ တာဝန်ရှိသူတစ်ဦးမှပြောသည်။

ကုန်စည်ဒိုင်များနှင့် ကြက်သွန်နီ လက်ကားရောင်းဝယ်လုပ်ကိုင်သူများထံတွင် လက်ကားဈေးသည် ကြက်သွန်နီ တစ်ပိဿာကို ၁၈၀၀ မှ ၂၁၀၀ ကျပ်အထိသာရှိပြီး လက်လီအဆင့်ဆင့် ပြန်လည်ရောင်းချသည့် ဆိုင်များတွင်မူ တစ်ပိဿာကို ၃၀၀၀ ကျပ် အထိရှိနေခြင်းဖြစ်သည်ဟုသိရသည်။ မေလ ၂၂ ရက်နေ့တွင် ဘုရင့်နောင်ကုန်စည်ဒိုင်ကို ကြက်သွန်နီ ကားအစီးရေ ၂၀ ဝင်ရောက်မှုရှိပြီး ဈေးတန်းအနေနဲ့ ဆိပ်ဖြူ ၊ မုံရွာ ကြက်သွန်နီ ဈေးတန်းသာဖွင့်ရာ အနည်းဆုံး ၁၈၅၀ ကျပ်မှ ၂၁၀၀ ကျပ်အထိဖြစ်သည်။

လက်ရှိတွင် ဗီယမ်နမ်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံကပါ အဝယ်ရှိကြောင်း ထပ်မံပြီးလည်း ဖိလစ်ပိုင်နိုင်ငံအပါအဝင် ဈေးကွက်အလားအလာရှိသည့်နိုင်ငံများကို ဈေးကွက်တိုးချဲ့တင်ပို့ရန်အတွက် အစိုးရချင်း ချိတ်ဆက်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်နေသည်ဟု သိရသည်။

မြန်မာနိုင်ငံတွင် ကြက်သွန်နီစိုက်ပျိုးမှုအနေဖြင့် ဧက ၁ ဒသမ ၇ သိန်းကျော်ရှိပြီး နှစ်စဉ်တန်ချိန် တစ်သန်းကျော် ထွက်ရှိကြောင်း၊ ကြက်သွန်နီကို ၁၁ လပိုင်းနှင့် ၁၂ လပိုင်းတွင် စတင်စိုက်ပျိုးကြပြီး ၄ လပိုင်းအထိ နွေကြက်သွန်များ ဈေးကွက်အတွင်း ဝင်ရောက်မှုရှိဟုသိရသည်။

**Source: AMIA**

**Myanma Awba**

## ပထမ ၃ လပတ် လုပ်ငန်းဆောင်ရွက်မှုဆန်းစစ်ချက်ပြီးနောက် စင်ကာပူစီးပွားရေးလုပ်ငန်းများက စီးပွားရေးအခြေအနေအပေါ် အဆိုးမြင်မှုများ ပိုမိုများပြားလာခြင်း

၂၀၂၃ ခုနှစ်၊ ပထမ ၃ လပတ်တွင် စီးပွားရေးအခြေအနေပိုမိုအားလျော့လာခြင်းကြောင့် စင်ကာပူစီးပွားရေးလုပ်ငန်းများအနေဖြင့် စီးပွားရေးအခြေအနေအပေါ် အဆိုးမြင်မှုများ ပိုမိုများပြားလာကြောင်း Business Times–Singapore University of Social Science (BT–SUSS) Business Climate Survey ၏ ၃ လပတ် လေ့လာဆန်းစစ်ချက်အရ တွေ့ရှိရပါသည်။

စီးပွားရေးလုပ်ငန်းစွမ်းဆောင်ရည်တိုင်းတာသည့် ညွှန်းကိန်း ၃ ခုစလုံးက ယခင် ၃ လပတ်မှစ၍ ဆိုးဝါးလာခဲ့ပါသည်။ အသားတင်ရောင်းချမှုတန်ဖိုးမှာ ထိခိုက်မှုအများဆုံးဖြစ်ပြီး ၂၀ ရာခိုင်နှုန်းမှ–၂၅ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ပါသည်။ အသားတင်ရောင်းချမှုတန်ဖိုးမှာ လုပ်ငန်းများ၏ ရှယ်ယာတန်ဖိုးတက်ခြင်းနှင့်ကျခြင်း၏ ခြားနားချက်ဖြစ်ပြီး ယခင်နှစ်က ထိုသို့သော

တန်ဖိုးဖြင့် နှိုင်းယှဉ်ထားသည့်ညွှန်းကိန်းဖြစ်ပါသည်။ ကောင်းမွန်သည့် အသားတင်ရောင်းချမှုတန်ဖိုးမှာ လုပ်ငန်းတိုးတက်ခြင်းကို ညွှန်ပြနေခြင်းဖြစ်ပြီး အနုတ်လက္ခဏာမှာ အခြေအနေဆိုးရွားမှုကို ညွှန်ပြနေခြင်းဖြစ်ပါသည်။ အသားတင်အမြတ်တန်ဖိုးမှာ ၁၉ ရာခိုင်နှုန်းမှ– ၃၇ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ပြီး ယခင် ၃ လပတ်ထက် ဆိုးဆိုးရွားရွား ကျဆင်းခဲ့ခြင်းဖြစ်ပါသည်။ အသားတင်စီးပွားရေးအလားအလာမှာလည်း ၁၄ ရာခိုင်နှုန်းမှ – ၂၅ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပါသည်။ ခြုံငုံကြည့်ပါက နောင်လာမည့် ၆ လအထိ စီးပွားရေးအခြေအနေအပေါ် အဆိုးမြင်မှုများရှိနေမည်ဖြစ်ပါသည်။

တင်းကျပ်သည့်ငွေကြေးမူဝါဒနှင့် ပထဝီနိုင်ငံရေးအခြေအနေတင်းမာမှုများကြားတွင် စင်ကာပူနိုင်ငံ၏စီးပွားရေးမှာ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးရိုက်ခတ်မှုများကို ကြုံတွေ့နေရသည့်အတွက် ထိုသို့သော ဆန်းစစ်ချက်ရလဒ်များမှာ အံ့သြစရာမရှိကြောင်း DBS Group Research Economist ဖြစ်သူ Mr. Chua Han Teng က ပြောကြားခဲ့ပါသည်။

ဆန်းစစ်ချက်ဆောင်ရွက်သူများက တရုတ်နိုင်ငံ၏ စီးပွားရေးပြန်လည်တိုးမြှင့်ဆောင်ရွက်လာမှုနှင့် လျှပ်စစ်လုပ်ငန်းကဏ္ဍ ပြန်လည်ကောင်းမွန်လာမှု စသည့်အချက်များကိုအခြေခံ၍ ဒုတိယ ၃ လပတ်တွင် ဂျီဒီပီတန်ဖိုးမှာ ၁.၄ ရာခိုင်နှုန်းမှ ၂.၆ ရာခိုင်နှုန်းအကြား ရှိလာနိုင်မည်ဟုမျှော်မှန်းထားပါသည်။ ယခုအခြေအနေမှာ ယခင်နှစ်ကထက် စီးပွားရေးအခြေအနေအားနည်းနေသော်လည်း ယခင် ၃ လပတ်ထက် ပိုမိုတိုးတက်မှုရှိလာနိုင်မည်ဖြစ်ကြောင်း ဆန်းစစ်ချက်ဆောင်ရွက်သူများက ပြောကြားခဲ့ပါသည်။

Mr. Chua Han Teng က Economic Development Board ၏ စီးပွားရေးမျှော်မှန်းချက် လေ့လာဆန်းစစ်ချက်တွင် တရုတ်နိုင်ငံ၏ စီးပွားရေးပြန်လည်တိုးမြှင့်ဆောင်ရွက်လာမှုသည် ဝယ်လိုအားကို ဖြစ်ပေါ်လာစေနိုင်သည်ဖြစ်ရာ ကုန်ထုတ်လုပ်သူများအတွက် လာမည့် ၆ လတာကာလတွင် အနည်းငယ်တိုးတက်မှုရရှိလာနိုင်ကြောင်း၊ တရုတ်နိုင်ငံ၏ စီးပွားရေးပြန်လည်တိုးမြှင့်ဆောင်ရွက်လာမှုသည် စင်ကာပူနိုင်ငံ၏ ပို့ကုန်ကိုပိုမိုတိုးတက်စေကာ ၂၀၂၃ ခုနှစ်၊ ဒုတိယ နှစ်ဝက်တွင် ခရီးသွားကဏ္ဍနှင့်ဆက်စပ်သည့် လုပ်ငန်းများအပေါ်တွင်လည်း သက်ရောက်မှုရှိမည်ဟု ပြောကြားခဲ့ပါသည်။

ယခုအခြေအနေအပေါ် အဆိုးမြင်သည့် စီးပွားရေးပညာရှင်များလည်း ရှိနေဆဲဖြစ်ပါသည်။ United Overseas Bank (UOB) ၏အကြီးတန်းစီးပွားရေးပညာရှင် Mr. Alvin Liew က တစ်နှစ်ထက်တစ်နှစ် တိုးတက်မှုမရှိနိုင်သကဲ့သို့ ဒုတိယ ၃ လပတ်တွင်လည်း ၀.၂ ရာခိုင်နှုန်း ကျဆင်းနိုင်ကြောင်း၊ ၂၀၂၃ ခုနှစ် ပထမနှစ်ဝက်တွင် ကုန်ထုတ်လုပ်မှုကဏ္ဍ၌ ထုတ်လုပ်မှုနည်းပါးလာမှုကြောင့် စင်ကာပူနိုင်ငံ၏ နည်းပညာကဏ္ဍတွင် ဆုတ်ယုတ်မှုများကြုံတွေ့နိုင်သည့်အခြေအနေရှိကြောင်း ပြောကြားခဲ့ပါသည်။

Maybank ၏ စီးပွားရေးပညာရှင် Dr. Chua Hak Bin က တရုတ်နိုင်ငံ၏ စီးပွားရေးပြန်လည် တိုးမြှင့်ဆောင်ရွက်လာမှုသည် ကန့်သတ်ချက်များရှိနေဆဲဖြစ်ကြောင်း၊ စီးပွားရေးကျဆင်းမှုသည် ဒုတိယ ၃ လပတ်အထိ ဆက်လက်ဖြစ်ပေါ်နေမည်ဖြစ်ကြောင်း၊ တင်းကျပ်သည့်အကြွေးနှင့် ချေးငွေအခြေအနေများကြောင့် ဒုတိယနှစ်ဝက်တွင် စီးပွားရေးပြန်လည်ကောင်းမွန်လာရန်မှာ မသေချာသည့်အခြေအနေဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဆန်းစစ်ချက်များအရ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍမှာ ပထမ ၃ လပတ်တွင် အကောင်းဆုံး ဆောင်ရွက်နိုင်သည့်ကဏ္ဍအဖြစ် ရပ်တည်လျက်ရှိပြီး ထိပ်ဆုံးလုပ်ငန်းအခု ၂၀ တွင် ၁၆ ခုမှာ ၎င်းကဏ္ဍမှဖြစ်ကာ ကျန်လုပ်ငန်း ၄ ခုမှာ ဆောက်လုပ်ရေးကဏ္ဍမှဖြစ်ပါသည်။ စက်မှုထုတ်ကုန်အချက်အလက်များအရ ပို့ဆောင်ရေးအင်ဂျင်နီယာလုပ်ငန်းမှာ ၂၀၂၂ ခုနှစ်နှင့်၂၀၂၃ ခုနှစ်တွင် ပိုမိုတိုးတက်လာကြောင်း တွေ့ရှိရပါသည်။

အများဆုံးတင်သွင်းသည့် ကုန်စည်၊ လုပ်သားအင်အား၊ ပို့ဆောင်ရေး သို့မဟုတ် သင်္ဘောတင်ပို့ခြင်း၊ ငှားရမ်းခ သို့မဟုတ် ပစ္စည်းခွန်စသည့်အချက် ၄ ချက်ဖြင့် ၂၀၂၃ ခုနှစ်အတွက် စီးပွားရေးလုပ်ငန်းဆောင်ရွက်ရာတွင် ကျသင့်သည့် ကုန်ကျစရိတ်တန်ဖိုးနှင့်စပ်လျဉ်း၍ စီးပွားရေးလုပ်ငန်းများက မေးခွန်းထုတ်မှုများရှိခဲ့ပါသည်။ ကုန်ကျစရိတ်ကို ၅ ရာခိုင်နှုန်းထက် ပိုမိုကျသင့်စေရန် ဈေးနှုန်းများတက်လာမည်ဟု လုပ်ငန်းအများစုက မျှော်မှန်းကြပြီး လုပ်သားကုန်ကျစရိတ်အတွက် လုပ်ငန်းများ၏ ၆၄.၅ ရာခိုင်နှုန်း၊ အများဆုံးတင်သွင်းသည့် ကုန်စည်အတွက် လုပ်ငန်းများ၏ ၅၇.၉ ရာခိုင်နှုန်း၊ ပို့ဆောင်ရေး သို့မဟုတ် သင်္ဘောတင်ပို့ခြင်းအတွက် လုပ်ငန်းများ၏ ၅၂.၉ ရာခိုင်နှုန်းစသည်ဖြင့် သက်ရောက်မှုရှိမည်ဟု မျှော်မှန်းထားကြပါသည်။ ငှားရမ်းခ သို့မဟုတ် ပစ္စည်းခွန်အတွက်လုပ်ငန်းများ၏ ၄၀.၅ ရာခိုင်နှုန်းက စီးပွားရေးလုပ်ငန်းဆောင်ရွက်ရာတွင် ကျသင့်သည့် ကုန်ကျ

စရိတ်ကို ၅ ရာခိုင်နှုန်းထက် ပိုမိုကုန်ကျမည်ဟု မျှော်မှန်းထားပြီး လုပ်ငန်းများ၏ ၁၃.၄ ရာခိုင်နှုန်းက ၃ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်း ကုန်ကျမည်ဟု မျှော်မှန်းထားကြပါသည်။

DBS Group Research Economist ဖြစ်သူ Mr. Chua Han Teng က ဆန်းစစ်ချက်ရလဒ်များမှာ ၂၀၂၃ ခုနှစ် အစောပိုင်းတွင် တင်းကျပ်သည့် ပြည်တွင်းလုပ်သားဈေးကွက်အခြေအနေများကြောင့်ဖြစ်ကြောင်း၊ မကြာမီကာလအတွင်း စီးပွားရေး လုပ်ငန်းများက အဆိုပါကုန်ကျစရိတ်ကို စားသုံးသူများကို ကျခံစေမှုဖြစ်စေခဲ့ကြောင်း ပြောကြားခဲ့ပါသည်။ United Overseas Bank (UOB) ၏ အကြီးတန်းစီးပွားရေးပညာရှင် Mr. Alvin Liew က စင်ကာပူနိုင်ငံ၏ အလုပ်လက်မဲ့နှုန်းမှာ ပထမ ၃ လပတ်တွင် ဆက်လက်ကျဆင်းခဲ့ပြီး စင်ကာပူ၏ လုပ်သားဈေးကွက်တွင် တင်းကျပ်မှုများသည် စင်ကာပူနိုင်ငံတွင် လုပ်ငန်း ဆောင်ရွက်နေသည့် ကုမ္ပဏီများအတွက် အလုပ်သမားကုန်ကျစရိတ်နှင့်စပ်လျဉ်း၍ ဖိအားများဆက်လက်ဖြစ်ပေါ်နေမည် ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ကုန်သွယ်မှုပမာဏလျော့ကျပြီး ပြည်ပဝယ်လိုအားနည်းပါးမှုကြောင့် ကုန်စည်သယ်ယူ ပို့ဆောင်သည့်နှုန်းများမှာ ကပ်ရောဂါကာလမတိုင်မီအခြေအနေသို့ ပြန်လည်ကျဆင်းလာသည်ဖြစ်ရာ သင်္ဘောတင်ပို့မှုနှင့် သယ်ယူပို့ဆောင်ရေးကုန်ကျစရိတ်များမှာ ကျဆင်းသင့်ကြောင်း Maybank ၏ စီးပွားရေးပညာရှင် Dr. Chua Hak Bin က ပြောကြားခဲ့ပါသည်။

**Source: The Business Times**

**(စီးပွားရေးသံမှူး၊ စင်ကာပူမြို့)**

## STOCK EXCHANGE (24.5.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 24th May, 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 828 (Shares) | 5,236,550 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,000 | +0 | +0.00% | 8,200 | 8,200 | 8,000 | 543 | 4,345,400 | 33,109,694 | 264,878 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 37 | 107,300 | 38,929,150 | 112,895 |
| MCB | 00003 | 7,300 | +200 | +2.82% | 7,300 | 7,300 | 7,300 | 3 | 21,900 | 10,400,986 | 75,927 |
| FPB | 00004 | 1,450 | +0 | +0.00% | 1,450 | 1,450 | 1,450 | 74 | 107,300 | 29,664,613 | 43,014 |
| TMH | 00005 | 2,400 | +0 | +0.00% | 2,550 | 2,550 | 2,400 | 64 | 155,100 | 12,823,224 | 30,776 |
| EFR | 00006 | 2,550 | +0 | +0.00% | 2,550 | 2,550 | 2,550 | 5 | 12,750 | 19,977,223 | 50,942 |
| AMATA | 00007 | 4,800 | +100 | +2.13% | 4,700 | 4,800 | 4,700 | 102 | 486,800 | 10,497,598 | 50,389 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

Stock trading data

As of 24th May, 2023

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 828 (Shares) | 5,236,550 (MMK) |

Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,000 | +0 | +0.00% | 8,200 | 8,200 | 8,000 | 543 | 4,345,400 | 33,109,694 | 264,878 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 37 | 107,300 | 38,929,150 | 112,895 |
| MCB | 00003 | 7,300 | +200 | +2.82% | 7,300 | 7,300 | 7,300 | 3 | 21,900 | 10,400,986 | 75,927 |
| FPB | 00004 | 1,450 | +0 | +0.00% | 1,450 | 1,450 | 1,450 | 74 | 107,300 | 29,664,613 | 43,014 |
| TMH | 00005 | 2,400 | +0 | +0.00% | 2,550 | 2,550 | 2,400 | 64 | 155,100 | 12,823,224 | 30,776 |
| EFR | 00006 | 2,550 | +0 | +0.00% | 2,550 | 2,550 | 2,550 | 5 | 12,750 | 19,977,223 | 50,942 |
| AMATA | 00007 | 4,800 | +100 | +2.13% | 4,700 | 4,800 | 4,700 | 102 | 486,800 | 10,497,598 | 50,389 |

## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 24th May, 2023

| Trading Volume | Trading Value |
|---|---|
| 828 (Shares) | 5,236,550 (MMK) |

### Main Board

As of 1:00 pm, 24th May, 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 828 (Shares) | 5,236,550 (MMK) |

| MYANPIX | 356.86 ▲ 1.77 |
|---|---|
| Total Volume (shares) | 828 |
| Total Value (MMK) | 5 mil |
| Listed Company | 7 |
| Market Cap. (MMK) | 628,821 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,000 | ▲ 0 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,300 | ▲ 200 |
| FPB | 00004 | 1,450 | ▲ 0 |
| TMH | 00005 | 2,400 | ▲ 0 |
| EFR | 00006 | 2,550 | ▲ 0 |
| AMATA | 00007 | 4,800 | ▲ 100 |

TIR